# အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊၆/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည် နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသင်းအဖွဲ့များ** ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) အသင်းအဖွဲ့ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်တစ်ခုခုအတွက် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီ၊ အဖွဲ့ချုပ်၊ အသင်းစု၊ တပ်ဦး၊ ကလပ်နှင့် အလားတူအသင်းအဖွဲ့ကို ဆိုသည်။

(ခ) နိုင်ငံရေး အသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံရေး အယူဝါဒ တစ်ခုခုအပေါ်တွင် အခြေခံ၍ နိုင်ငံရေးစည်းရုံးလှုပ်ရှားမှုကို တစ်နည်းနည်းပြုသော အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်း

၃။ (က) အသင်းအဖွဲ့များသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းအတိုင်းလျှောက်ထားရမည်၊

(ခ) ဖွဲ့စည်းပြီးသော အသင်းအဖွဲ့သည် ဤဥပဒေပြဋ္ဌာန်းသော နေ့ရက်မှ ရက်ပေါင်း သုံးဆယ် အတွင်း လျှောက်ထားရမည်၊

(ဂ) ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့စည်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည် လှုပ်ရှားခြင်းမပြုရ။

၄။ အောက်ပါအသင်းအဖွဲ့များသည် ဤဥပဒေအရ ဖွဲ့စည်းခွင့်လျှောက်ထားရန်မလို -

(က) ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်၍ ယင်းမှတ်ပုံတင် တည်လျက်ရှိသော အသင်းအဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်မှ မှတ်ပုံတင်ခွင့်ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိကြောင်း တင်ပြပြီးဖြစ်သော နိုင်ငံရေးပါတီအသင်းအဖွဲ့။

## အခန်း (၃)

## ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ

၅။ အောက်ပါအသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ၊ ဖွဲ့စည်းထားပြီးဖြစ်လျှင်လည်း လှုပ်ရှားခြင်းမပြုရ၊ ဆက်လက်တည်ရှိခွင့်မရှိစေရ -

(က) ၁၉၈၈ ခုနှစ်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသော်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲကျင်းပရေး ကော်မရှင်က မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းခံရသော အသင်းအဖွဲ့၊

(ခ) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကိုဖြစ်စေ၊ လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုဖြစ်စေ တစ်နည်းအားဖြင့် ထိခိုက်စေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရား လည်ပတ်မှုကို ထိခိုက်စေရန် သို့မဟုတ် ရပ်တန့်သွားစေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းသော၊ အားပေး ကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဃ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင် စီးပွားရေးဘုတ် ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ သို့မဟုတ် နိုင်ငံတော် ဘဏ္ဍာငွေမှ လစာရယူကြသော ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခု၏ ဩဇာခံယူသော သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခုနှင့် ဆက်သွယ်သောအသင်းအဖွဲ့။

## အခန်း (၄)
## ပြစ်ဒဏ်များ

၆။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)ကို ဖြစ်စေ၊ ပုဒ်မ ၅ ကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၅နှစ်ထိ ကျခံစေရမည်။

၇။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းခွင့်ကိုဖြစ်စေ၊ ဆက်လက်ရပ်တည်ခွင့်ကိုဖြစ်စေ မရသော အသင်းအဖွဲ့ သို့မဟုတ် ပုဒ်မ ၅အရ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့ တစ်ခုခုတွင် ပါဝင်ကြောင်း၊ အသင်းအဖွဲ့ကို အားပေးကူညီကြောင်း၊ သို့မဟုတ် ထိုအသင်းအဖွဲ့၏ အဆောင်အယောင်ကို အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၃ နှစ်အထိ ကျခံစေရမည်။

## အခန်း (၅)
## အထွေထွေ

၈။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့အနေဖြင့် မှတ်ပုံတင်ခွင့်ပြုစဉ်ကဖော်ပြခဲ့သော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လှုပ်ရှားကြောင်း စိစစ်တွေ့ရှိလျှင် ထိုအသင်းအဖွဲ့၏ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

၉။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တတောင်းဆိုလျက်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားပါဝင် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကို ပယ်ဖျက်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများအနေဖြင့် စနစ်တကျ လွတ်လပ်စွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေကိုလည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

ယခုအခါ ဒီမိုကရေစီ၏ အနှစ်သာရကို အမှန်တကယ်မြတ်နိုးစွာဖြင့် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများ ဖွဲ့စည်းလာသည်များရှိသကဲ့သို့ ဒီမိုကရေစီကို ဟန်ပြပြီး မရိုးသားသောသဘော၊ မသမာသောရည်ရွယ်ချက်တို့ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကို အနှောင့်အယှက် အဟန့်အတား အန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များ ဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကို အနှောင့်အယှက် အဟန့်အတား အန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များကို ခွင့်ပြုထားပါက တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်လာရေးတို့ကို ထိခိုက်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရဟန်းရှင်လူ ပြည်သူများနှင့် ဝန်ထမ်းများအကြား

စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများ ဖြစ်လာနိုင်ဖွယ်ရာ အကြောင်းရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်လည်းကောင်း၊ တရားမျှတ၍ လွတ်လပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမြန်ဆုံးထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန်လည်းကောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားမှုများကို စနစ်တကျကြီးကြပ်ထိန်းချုပ်ရန် လိုအပ်လာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားတည်ဆောက်ရေးအဖွဲ့သည် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။